
ဘာသာပြန် စာရေးဆရာ - တင်အောင်ခိုင်
(Myth Horizon)
ကမ္ဘာသစ် နတ်ဘုရား
(လင်းရန်)
စာစဉ် - ၁၁၁
Emperor Ling Yun reborn as a loser. But will the dragon's descendants be ordinary?

# ကမ္ဘာ့သစ်နတ်ဘုရား
# အခန်း - ၁၅၆၁
# ( အတားအဆီးကို ဖွင့်လှစ်ခြင်း )

*

ဒြပ်စင်ငါးပါး မိုးကြိုးကပ်ဘေးဆိုသည်မှာ နာမည်နှင့်လိုက်ဖက်စွာပင် ကောင်းကင်နှင့် မြေကြီး၏ ဒြပ်စင်ငါးပါးနှင့် သက်ဆိုင်သော ကပ်ဘေးမိုးကြိုးပင် ဖြစ်ပေသည်။ ရွှေ၊ သစ်သား၊ ရေ၊ မီး၊ မြေ ဟူသော ဒြပ်စင်ငါးပါး ကပ်ဘေးမိုးကြိုးများသည် တစ်လှည့်စီ ကျဆင်းလာတတ်သလို၊ နှစ်မျိုး သုံးမျိုး သို့မဟုတ် ငါးမျိုး စလုံး ပေါင်းစပ်၍လည်း ကျဆင်းလာတတ်သည်။

ယင်းက ရွှေအမြုတေအဆင့်သို့ မရောက်မီ ကျင့်ကြံသူများအတွက် အကြောက်ရဆုံးနှင့် အမုန်းဆုံး ကပ်ဘေးတစ်ခု ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဒြပ်စင်ငါးပါး ကပ်ဘေး မိုးကြိုးသည် အလွန်တရာ အန္တရာယ်များပြီး ကြောက်မက်ဖွယ် ကောင်းလွန်းသောကြောင့် ပင်။

အကြောင်းရင်းမှာ ရှင်းလင်းလှပေသည်။ ဒြပ်စင်ငါးပါး မိုးကြိုးကပ်ဘေးသည် ကောင်းကင်နှင့် မြေကြီး၏ သန့်စင်သော ယန်စွမ်းအင်သက်သက် မဟုတ်တော့ဘဲ မိုးကြိုးထဲတွင် ဒြပ်စင်ငါးပါး၏ သတ္တိများ ပါဝင်လာသောကြောင့် ဖြစ်၏။ ထိုဒြပ်စင်ငါးပါး မိုးကြိုးများကို စိတ်ကြိုက် ပေါင်းစပ်နိုင်သဖြင့် အပြောင်းအလဲများစွာ ဖြစ်ပေါ်နိုင်ပေသည်။ ဆန်းကြယ်ပြီး ခန့်မှန်းရခက်ကာ ပြောင်းလဲမှု

များလွန်းသဖြင့် ကပ်ဘေးကြုံတွေ့ရသူအတွက် ရင်ဆိုင်ရန် အလွန်ခက်ခဲလှသည်။ ကပ်ဘေးကို ဖြတ်ကျော်ရသည့် အခက်အခဲမှာ အဆတစ်ရာခန့် တိုးလာပြီး အနည်းငယ်မျှ ပေါ့ဆမိသည်နှင့် အသက်ဆုံးရှုံးသွားမည်သာ ဖြစ်ပေသည်။

ပို၍ ကြောက်စရာကောင်းသည်မှာ ကျင့်ကြံသူအများစုသည် သူတို့၏ ခန္ဓာကိုယ်၌ ဒြပ်စင်ငါးပါးစလုံးကို မပိုင်ဆိုင်ထားနိုင်ကြသလို ကျင့်စဉ်များကလည်း အားသန်ရာ မတူညီကြပေ။ ဆိုလိုသည်မှာ သူတို့သည် ဒြပ်စင်ငါးပါးထဲမှ နှစ်မျိုး သို့မဟုတ် သုံးမျိုးလောက်ကိုသာ ခံနိုင်ရည်ရှိကြခြင်း ဖြစ်၏။ အကယ်၍ မိမိနှင့် ဆန့်ကျင်ဘက်ဖြစ်နေသော ဒြပ်စင်မိုးကြိုး ကျဆင်းလာပါက မည်သည့်နည်းလမ်းမျှ မရှိတော့ဘဲ မိမိ၏ ကိုယ်ခန္ဓာကိုသာ အသုံးပြု၍ မိုးကြိုး၏ ရိုက်ခတ်မှုကို ကြံ့ကြံ့ခံရန်သာ ရှိတော့

မည် ဖြစ်ချေသည်။

အချုပ်အားဖြင့်ဆိုရလျှင် ဒြပ်စင်ငါးပါး ကပ်ဘေးမိုးကြိုးကို ရင်ဆိုင်ရချိန်တွင် ကျင့်ကြံသူများသည် မိုးကြိုးကိုသာမက မိမိတို့၏ ခေါင်းထက်ရှိ ကောင်းကင် ကပ်ဘေးတိမ်တိုက်များကိုပါ တိုက်ခိုက်ရခြင်း ဖြစ်ပေသည်။ အထက်မှ ကောင်းကင် ကပ်ဘေးတိမ်တိုက်များသည် ရန်သူတစ်ယောက်လိုပင်။ ထိုရန်သူကို အနိုင်ယူနိုင်မှသာ ကပ်ဘေးကို အောင်မြင်စွာ ဖြတ်ကျော်နိုင်မည်ဖြစ်ပြီး ရှုံးနိမ့်ပါက ဝိညာဉ်ပါ ကွဲကြေပျက်စီးသွားမည်သာ။

ကောင်းကင် ကပ်ဘေးတိုင်းလိုလိုတွင် မိုးကြိုးပစ်ခတ်မှုများ ပါဝင်တတ်သော်လည်း ယင်းမှာ အပေါ်ယံသာ ဖြစ်၏။ အဓိကပြဿနာမှာ မိုးကြိုးစွမ်းအင်များက ကပ်ဘေးခံယူသူအပေါ် မည်သို့ သက်ရောက်မှုရှိမည်လဲ ဆိုသည်

ပင် ။

ကောင်းကင်ကပ်ဘေးမှာ ကျင့်ကြံသူတိုင်း ချိန်သန့်စင်ခြင်း အလယ်အဆင့်သို့ ဝင်ရောက်ပြီးနောက် ရင်ဆိုင်ရမည့် ကပ်ဘေးတစ်ခု ဖြစ်၏။ လူတိုင်း ယင်းကို ဖြတ်သန်းရပေမည်။ ယင်းမှာ ကျင့်ကြံသူတစ်ဦးအတွက် ဝင်ခွင့်စာမေးပွဲ ဖြေဆိုရခြင်းနှင့် တူညီပေသည်။ ကောင်းကင်တာအိုက ကျင့်ကြံသူအား စမ်းသပ်စစ်ဆေးပြီး အောင်မြင်မှသာ စစ်မှန်သော ကျင့်ကြံခြင်းလမ်းစဥ်ပေါ်သို့ လျှောက်လှမ်းခွင့် ပြုမည် ဖြစ်လေသည်။

သို့သော် လင်းရန်၌ ကြောက်ရွံ့မှု မရှိသလို ညည်းညူခြင်းလည်း မရှိခဲ့ပေ။ ကပ်ဘေးတိမ်တိုက်များ ရောက်ရှိလာပြီဖြစ်ရာ ပြောင်းလဲ၍ မရနိုင်တော့ချေ။ အောင်မြင်အောင် ဖြတ်ကျော်နိုင်မည်လော သို့မဟုတ် သေဆုံး

ပျောက်ကွယ်သွားမည်လော ဟူသည့် ရလဒ်နှစ်ခုမှလွဲ၍ သူ အကောင်းဆုံး ရင်ဆိုင်ရန်သာ ရှိတော့သည်။

"ဟမ့်... ဒြပ်စင်ငါးပါး မိုးကြိုးကပ်ဘေးတဲ့လား... မင်းက ငါ့ကို တော်တော် အထင်ကြီးနေတာပဲ..."

ယခုအချိန်တွင် လင်းရန်သည် ပင်လယ်ရေမျက်နှာပြင်အောက် မီတာငါးရာခန့်တွင် ရောက်ရှိနေ၏။ သူ့ခန္ဓာကိုယ်ကို ပင်လယ်ရေထဲရှိ မရေမတွက်နိုင်သော မိုးကြိုးမြွေများက ရစ်ပတ်ထားပြီး ပတ်ဝန်းကျင်ရှိ ပင်လယ်ရေများ၏ ကြီးမားသော ဖိအားကိုလည်း ခံစားနေရပေသည်။ သို့တိုင်အောင် သူက ယုံကြည်မှုရှိရှိ ပြုံးထားပြီး ဂုဏ်ယူစွာဖြင့် ကြံ့ကြံ့ခံနေဆဲ ဖြစ်ချေသည်။

ပွင့်ပွင့်လင်းလင်း ဆိုရလျှင် လင်းရန်၏ လက်ရှိ

စွမ်းအားဖြင့် ရေအနက် မီတာငါးရာမှ ဖိအားက သူ့ကို မည်သို့မျှ မထိခိုက်စေနိုင်ပေ။ ပတ်ဝန်းကျင်ရှိ ပင်လယ်ရေများက လေးလံသော ရေနံရုံကြီးများအဖြစ် ရုတ်တရက် ပြောင်းလဲသွားခြင်းမှာ မိုးကြိုးကပ်ဘေးစွမ်းအင်၏ တိုက်ခိုက်မှုပုံစံတစ်မျိုးသာ ဖြစ်ကြောင်း သူ ကောင်းကောင်း သိထားလေသည်။

မည်သို့ပင်ဆိုစေ သူ ချီသန့်စင်ခြင်း အဆင့်သို့ ရောက်ရှိလာစဉ်ကတည်းက မိုးကြိုးမျိုးစုံ၏ နှစ်ခြင်းခံခြင်းကို ခံယူခဲ့ပြီး ဖြစ်၏။ ယခု ဒြပ်စင်ငါးပါး မိုးကြိုးကပ်ဘေးကလည်း ယခုမှ စတင်ရုံသာ ရှိသေးရာ ပန်းကန်လုံးအရွယ်ခန့် တုတ်ခိုင်သော မိုးကြိုးများက သူ့ခန္ဓာကိုယ်ကို မည်သို့မျှ ဒဏ်ရာမရစေနိုင်ပါချေ။

မိုးကြိုးအပစ်ခံရပြီးနောက် တစ်ကိုယ်လုံး ခဏ

တာ ထုံကျင်သွားသော်လည်း မျက်စိတစ်မှိတ်အတွင်းမှာပင် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိသွားသည်။ ယခု သူ ရင်ဆိုင်ရမည်မှာ ကပ်ဘေးမိုးကြိုး၏ စွမ်းအင်တိုက်ခိုက်မှုပင်။

သူ့ဖြေရှင်းနည်းမှာ ရိုးရှင်းလှပေသည်။ သူ့ခန္ဓာကိုယ်ဖြင့်သာ တိုက်ရိုက် ကြံ့ကြံ့ခံရန် ရွေးချယ်လိုက်ခြင်း ဖြစ်၏။ ယခု သူ့ခန္ဓာကိုယ်မှာ အပြည့်အဝ ဖွံ့ဖြိုးနေပြီဖြစ်ရာ အရပ်မျက်နှာအသီးသီးမှ ပင်လယ်ရေများ၏ ဖိအားကိုကောင်းစွာ ခံနိုင်ရည်ရှိနေပြီ ဖြစ်ချေသည်။

ဤအချိန်တွင် လင်းရန်၏ ပတ်လည်ရှိပင်လယ်ပြင်တစ်ခုလုံး ကပ်ဘေးမိုးကြိုးစွမ်းအင်များဖြင့် ပြည့်နှက်နေတော့သည်။ အပြာရောင်မိုးကြိုးမြွေများက လင်းရန်၏ ဘေးပတ်လည်တွင် နေရာအနှံ့ ရှိနေပြီး ရေထဲ၌ သက်ရှိများသဖွယ် တောက်ပစွာ လှုပ်ရှားနေကြ၏။ ထို

မိုးကြိုးမြွေများကပင် ပင်လယ်ရေများကို တစ်လှော်ပြီးတစ်လှော် လင်းရန်အပေါ်သို့ ဖိချရန် တွန်းအားပေးနေခြင်း ဖြစ်ပေသည်။

"ရေကပ်ဘေးတဲ့လား... လာစမ်းပါ..."

ထိုရေနံရံများ၏ ဖိအားကို ခံနိုင်ရည်ရှိကြောင်း လင်းရန် သိလိုက်ပြီးနောက် ပင်လယ်ထဲမှ အမြန်ထွက်ရန် မလောတော့ပေ။ ယင်းအစား သူ့ခန္ဓာကိုယ်ကို အပြည့်အဝ ဆန့်ထုတ်လိုက်ပြီး လက်မောင်းများနှင့် ခြေထောက်များကို ကားကာ ထိုအပြာရောင် မိုးကြိုးမြွေများကို စတင်စုပ်ယူလိုက်တော့သည်။

အသန့်စင်ဆုံး ရေသဘာဝစွမ်းအင်များ ပါဝင်သည့် ရေဒြပ်စင် ကပ်ဘေးမိုးကြိုးမှာ လွန်စွာရှားပါးပြီး ကောင်းကင်ကပ်ဘေး စွမ်းအင်များ ဖြစ်သောကြောင့် လင်းရန်က လုံးဝ လက်လွှတ်ခံမည် မဟုတ်ပါချေ။

ဤမြင်ကွင်းမှာ တကယ့်ကို ရင်သပ်ရှုမောဖွယ် ပင်။

ကောင်းကင်တာအိုဏ် ကြောက်မက်ဖွယ် ဖိအား အောက်၊ ရေအနက် မီတာငါးရာတွင် လင်းရန် သည် အပြာရောင် ကပ်ဘေးမိုးကြိုးများ၏ ပစ်ခတ်မှုကို ခံနေရပေသည်။ သို့သော် သူက အနည်းငယ်မျှပင် ဒဏ်ရာမရသည့်အပြင် ရေ ဒြပ်စင် ကပ်ဘေးမိုးကြိုး၏ စွမ်းအင်များကိုပင် စတင်စုပ်ယူနေပြီ ဖြစ်ချေသည်။

လင်းရန် စတင်လှုပ်ရှားလိုက်သည်နှင့် သူ့ ခန္ဓာကိုယ်ပတ်လည်ရှိ အထူထပ်ဆုံး မိုးကြိုးမြွေ များသည် သူ့ကိုယ်ထဲသို့ အလိုအလျောက် တိုးဝင်သွားသကဲ့သို့ မျက်မြင်ကိုယ်တွေ့ အမြန် နှုန်းဖြင့် စုပ်ယူခံလိုက်ရသည်။ မိုးကြိုးမြွေများ လျင်မြန်စွာ လျော့နည်းသွားသည်နှင့်အမျှ လင်း ရန်အပေါ် ကျရောက်နေသော ဖိအားများလည်း

နည်းပါးသွားပြီး ပင်လယ်ရေထဲတွင် သူ လှုပ်ရှားနိုင်သော နေရာလွတ်များလည်း ပိုမို ကျယ်ဝန်းလာတော့သည်။

ဝှစ်... ဝှစ်... ဝှစ်...

မကြာမီမှာပင် လင်းရန် ပုံမှန်အတိုင်း လှုပ်ရှား နိုင်သွားသည်။ သူ့မျက်လုံးများထဲတွင် စိတ် လှုပ်ရှားမှုများ ပြည့်နှက်နေပြီး ပတ်ဝန်းကျင် ပင်လယ်ပြင်တစ်ဝိုက်သို့ လျင်မြန်စွာ ရွေ့လျား သွားကာ မိမိကိုယ်ကို အားကောင်းလာစေရန် ကပ်ဘေးမိုးကြိုးစွမ်းအင်များကို အပြင်းအထန် စုပ်ယူလိုက်လေသည်။

မိုးကြိုးကပ်ဘေးဆိုသည်မှာ ခံနိုင်ရည်မရှိလျှင် သေဆုံးမည်ဖြစ်ပြီး၊ ခံနိုင်ရည်ရှိပါက ကောင်းကင်ဘုံက ပေးသနားသော နှစ်ခြင်းခံ ခြင်း ဆုလာဘ်တစ်ခုပင် ဖြစ်ချေသည်။

ဘုန်း... ဘုန်း... ဘုန်း...

ကောင်းကင် ကပ်ဘေး ကျဆင်းလာသည်နှင့် တစ်ပြိုင်နက် ရပ်တန့်သွားမည် မဟုတ်ပေ။ ကောင်းကင်ယံရှိ ကပ်ဘေးတိမ်မည်းများထဲမှ အပြာရောင် မိုးကြိုးတစ်စင်းပြီးတစ်စင်း ပေါက်ကွဲထွက်လာပြီး ပင်လယ်ထဲသို့ ထိုးဆင်းကာ လင်းရန်၏ ခန္ဓာကိုယ်ပေါ်သို့ ရိုက်ခတ်လာသောကြောင့် သူ့လှုပ်ရှားမှုများ အကြိမ်ကြိမ် ရပ်တန့်သွားရ၏။ သို့သော် လင်းရန်က ကပ်ဘေးမိုးကြိုးစွမ်းအင် အားလုံးကို လျင်မြန်စွာ စုပ်ယူလိုက်ပြီးနောက် လွတ်လပ်စွာ ပြန်လည် လှုပ်ရှားနိုင်သွား၏။

ဤဖြစ်စဉ်အတွင်း လင်းရန်သည် ပင်လယ်ရေမျက်နှာပြင်ဆီသို့ တဖြည်းဖြည်း ရွေ့လျားသွားသည်။ သူ တော်တော်လေး အမြတ်ထွက်နေပြီ ဖြစ်သောကြောင့် ပို၍ ယုံကြည်မှုရှိလာကာ ဂုဏ်ယူနေမိသည်။

လင်းရန် တစ်ယောက်တည်းဆိုလျှင် ဤမျှ များပြားသော ကပ်ဘေးမိုးကြိုးစွမ်းအင်များကို ထိန်းသိမ်းထားနိုင်မည် မဟုတ်ပေ။ သို့သော် သူ့ ကိုယ်ထဲတွင် ဆန်းကြယ်လှသော ဒန်တျန်တစ်ခု ရှိနေပြီး ထိုအထဲရှိ ရွှေရောင်နဂါးပုံစံ အမှတ်အသားလေးတွင် ခြေလက်များပင် ထွက်ပေါ်နေပြီ ဖြစ်၏။

လင်းရန်ကို ဝန်းရံထားသော ပင်လယ်ရေထဲတွင် မရေမတွက်နိုင်သော မိုးကြိုးမြွေများသည် သူ့ခန္ဓာကိုယ်ထဲသို့ စုပ်ယူခြင်း ခံလိုက်ရပေသည်။ ၎င်းတို့ထဲမှ အများစုကို ရွှေရောင်နဂါးပုံစံ အမှတ်အသားက စုပ်ယူသွားပြီး ကျန်ရှိနေသည့်များကိုမူ ရေဒြပ်စင်မီးတောက်ဖြစ်သည့် အပြာရောင်မီးတောက်အား အားကောင်းစေရန် သူ့ ယင်ယန်ဒြပ်စင်ငါးပါး မီးတောက်ထဲသို့ တမင်တကာ ပေါင်းစပ်ထည့်သွင်းလိုက်ခြင်း

ဖြစ်ချေသည်။

လင်းရန် ဒြပ်စင်ငါးပါးမီးတောက်ကို ဝါးမြိုပြီး ပျိုးထောင်ခဲ့သည်မှာ ယနေ့ဆိုလျှင် ဆယ့်လေး ရက်တိုင်ခဲ့ပြီ ဖြစ်၏။ သူ့ဒန်တျန်ထဲရှိ မီးတောက်မှာ ယခုအခါ ယင်ယန်ဒြပ်စင်ငါးပါးမီးတောက် အဖြစ်သို့ လုံးဝ ပြောင်းလဲသွားခဲ့ပြီ ဖြစ်ပေသည်။

မူလက ယင်ယန်ဒြပ်စင်ငါးပါးမီးတောက်ကို သဘာဝအတိုင်း ပျိုးထောင်မည်ဆိုပါက အောင်မြင်ရန် အနည်းဆုံး လဝက်ခန့် အချိန်ယူရမည် ဖြစ်၏။ သို့သော် လွန်ခဲ့သည့် နာရီလေးဆယ်အတွင်း လင်းရန်သည် အဆင့်တက်ရန်အတွက် ယင်ယန်ကျင့်စဉ်ကို ကျင့်ကြံနေခဲ့ကြောင်း မမေ့သင့်ပေ။ ဤအတွက် သူသည် နတ်ဘုရားအဆီအနှစ် အစက်ပေါင်း တစ်သောင်းကျော်ကို လောင်ကျွမ်းစေခဲ့သည် ဖြစ်ချေ

သည်။

ယင်ယန် ၀က်ပါ အချက်အချာများမှ များပြားလှသော ယင်နှင့် ယန်စွမ်းအင်များကို နောက်ဆုံးတွင် လင်းရန်က အကုန်အစင် စုပ်ယူပစ်ခဲ့ပေသည်။ ၎င်းတို့သည် သူ့ဒန်တျန်ထဲသို့ ဦးစွာ ဝင်ရောက်လာပြီးနောက် သွေးကြောများမှ တစ်ဆင့် သူ့မျက်ခုံးနှစ်ခုကြားရှိ အသိစိတ်ပင်လယ်ထဲသို့ ဝင်ရောက်သွား၏။ ဤသို့ အပြင်းအထန် သန့်စင်ပျိုးထောင်မှုအောက်တွင် ဒြပ်စင်ငါးပါးမီးတောက်သည် တစ်ရက်တည်းဖြင့် တစ်ပတ်စာအကျိုးသက်ရောက်မှုကို ရရှိနိုင်ပေသည်။ ဤမျှနှင့်တောင် အောင်မြင်စွာ မပျိုးထောင်နိုင်သေးလျှင် အတော်လေးရယ်စရာကောင်းနေမည် ဖြစ်ချေသည်။

မူလက မြေကမ္ဘာမီးတောက်၏ အဆီအနှစ်ဖြစ်သော ဒြပ်စင်ငါးပါးမီးတောက်ကို လင်းရန်က

ယင်ယန်ဒြပ်စင်ငါးပါးမီးတောက်အဖြစ် ပျိုးထောင်နိုင်ခဲ့ပေသည်။ ၎င်းတွင် အဆုံးမရှိသော ပြောင်းလဲမှုများ၊ အံ့ဩဖွယ် အသုံးဝင်မှုများနှင့် များပြားလှသော အကျိုးကျေးဇူးများ ရှိနေ၏။ ယခု ကောင်းကင် ကပ်ဘေးမှ ရေကပ်ဘေး ကျဆင်းလာသောအခါ အသန့်စင်ဆုံး ရေဒြပ်စင် မိုးကြိုးစွမ်းအင်များက လင်းရန်၏ ကိုယ်ထဲသို့ စုပ်ယူခံလိုက်ရပြီး ယင်ယန်ဒြပ်စင်ငါးပါးမီးတောက်အတွက် အလွန်တရာ အကျိုးရှိစေခဲ့သည် ဖြစ်ချေသည်။

ဤသည်မှာ ယင်ယန်ဒြပ်စင်ငါးပါးမီးတောက် ပျိုးထောင်ခံရပြီးနောက် လင်းရန် ထည့်သွင်းပေးလိုက်သော ကောင်းကင်မီးတောက် စွမ်းအင်များကြောင့် ထပ်မံ၍ အားကောင်းလာခြင်းနှင့် အတူတူပင်။

သချာပေါက်ပင် လင်းရန်က ရေဒြပ်စင် ကပ်

ဘေးမိုးကြိုးစွမ်းအင်ကိုသာ စုပ်ယူနေခြင်း ဖြစ်သောကြောင့် ရေဒြပ်စင် မီးတောက်တစ်ခုသာ ပိုမို အားကောင်းလာမည် ဖြစ်ချေသည်။

ကပ်ဘေးမိုးကြိုးတစ်ခု၊ ရွှေရောင်နဂါးပုံစံ အမှတ်အသား၊ ယင်ယန်ဒြပ်စင်ငါးပါး မီးတောက်နှင့် လင်းရန်၏ ကိုယ်ပိုင် ခန္ဓာကိုယ်... ဤသုံးခုစလုံး အကျိုးအမြတ် ရရှိခဲ့သဖြင့် လင်းရန် သဘာဝကျကျပင် ကျေနပ်နေတော့သည်။

ဘုန်း... ဘုန်း... ဘုန်း... ဘုန်း... ဘုန်း...

လင်းရန် ပင်လယ်ရေမျက်နှာပြင်နှင့် ပိုမိုနီးကပ်လာသည်နှင့်အမျှ ရေဒြပ်စင်မိုးကြိုးများ၏ ပစ်ခတ်မှုက ပိုမို မြန်ဆန်လာပြီး အပြာရောင် မိုးကြိုးတိုင်ကြီးများကလည်း ပိုမို တုတ်ခိုင်လာပေသည်။ နောက်ဆုံးတွင် မီတာဝက်ကျော်ခန့် တုတ်ခိုင်လာပြီး လင်းရန်၏ ခန္ဓာကိုယ်ကို လုံးဝ ဖုံးလွှမ်းသွားကာ ရေထဲတွင်

အပြင်းအထန် တုန်ယင်သွားစေသော်လည်း ယင်းမှာ ထိုမျှလောက်သာ ဖြစ်၏။

လင်းရန်က အရာအားလုံးနီးပါးကို စုပ်ယူလိုက်ပြီး သူ့ခန္ဓာကိုယ်ပတ်လည်ရှိ မိုးကြိုးမြွေများ အားလုံးကို ကိုယ်ထဲသို့ ဆွဲသွင်းရန် ကြိုးစားနေခဲ့၏။ စုပ်ယူမှု အရှိန်မှာ ပိုမို မြန်ဆန်လာပြီး အတိုင်းအတာကလည်း ပိုမို ကျယ်ပြန့်လာတော့သည်။

ဤသည်မှာ ကပ်ဘေးကို ရင်ဆိုင်နေခြင်း မဟုတ်ဘဲ ဗြောင်ကျကျ စားပွဲတိုက်နေခြင်းသာ ဖြစ်ပေသည်။

သို့သော် လင်းရန်မှာ သူ့ကိုယ်ပိုင် ကျင့်ကြံဆင့်ကန့်သတ်ချက်များ ရှိနေပြီး ဒြပ်စင်တစ်မျိုးတည်း၏ စွမ်းအင်ကို စုပ်ယူခြင်းက နောက်ဆုံးတွင် ကန့်သတ်ချက်တစ်ခုသို့ ရောက်ရှိသွားမည်သာ ဖြစ်ပေသည်။ ပင်လယ်ရေမျက်နှာပြင်နှင့်

မီတာတစ်ရာအောက်အကွာသို့ ရောက်သောအခါ သူ့ခန္ဓာကိုယ်ကို အပြည့်အဝ ပြည့်သွားစေရန် စွမ်းအင်များကို လုံလောက်စွာ စုပ်ယူပြီးဖြစ်၍ သူ့ခန္ဓာကိုယ်က ထပ်မံ လက်ခံနိုင်စွမ်း မရှိတော့ချေ။

လင်းရန် ကိုယ်တိုင်ကို မဆိုထားနှင့်၊ သူ့ဒန်တျန်ထဲရှိ နဂါးပုံစံ အမှတ်အသားလေးပင် စုပ်ယူခြင်းကို ရပ်တန့်သွားပြီ ဖြစ်၏။ ယင်ယန်ဒြပ်စင်ငါးပါးမီးတောက်မှာလည်း ကန့်သတ်ချက်သို့ ရောက်ရှိသွားပြီး ရေဒြပ်စင်မီးတောက်က လွှမ်းမိုးသွားလေသည်။ အရောင်ခုနစ်မျိုးရှိသော ယင်ယန်ဒြပ်စင်ငါးပါးမီးတောက် အားလုံးနီးပါးမှာ အပြာရောင် မီးတောက်များအဖြစ် ပြောင်းလဲသွားလေသည်။

သို့သော် မိုးကြိုးကပ်ဘေး၏ ပထမလှိုင်းမှာ မပြီးဆုံးသေးဘဲ လင်းရန်ကို အညှာအတာမဲ့စွာ

ပစ်ခတ်နေဆဲ ဖြစ်၏။ ယင်းက လင်းရန် ကိုယ်ပတ်လည်ရှိ မရေမတွက်နိုင်သော မိုးကြိုးမြွေစွမ်းအင်များကို ထပ်မံ မစုပ်ယူနိုင်တော့သဖြင့် သူ့ကို အနှောင့်အယှက် ဖြစ်စေခဲ့ပေသည်။

ယခုအချိန်တွင် လင်းရန်သည် ပင်လယ်ရေမျက်နှာပြင်မှ မီတာ ၁၀၀ အောက်တွင် ရှိနေ၏။ သူ အပြင်သို့ ဖောက်ထွက်ရန် ခဏလေးသာ အချိန်ယူရမည် ဖြစ်သော်လည်း သူက ဆက်မတက်တော့ဘဲ ပင်လယ်ရေထဲတွင် ရပ်တန့်လိုက်သည်။ ထို့နောက် ပတ်ဝန်းကျင်ရှိ ပင်လယ်ရေများ အပြာရောင် မိုးကြိုးမြွေများအဖြစ် ပြောင်းလဲသွားသည်ကို သူ့မျက်လုံးများ အရောင်လက်သွားကာ ကြည့်နေခဲ့ပေသည်။

ဤမျှ သန့်စင်သော ရေဒြပ်စင် မိုးကြိုးစွမ်းအင်များကို လက်လွှတ်လိုက်ရလျှင် နှမြောစရာကောင်းလွန်းလှပေသည်။

နောက်ဆုံးတွင် လင်းရန်၏ မျက်လုံးများ ခက်ထန်သွားပြီး သွားကိုတင်းတင်းကြိတ်ကာ မိုးကြိုးကန်ကို ဖွင့်လှစ်ရန် ဆုံးဖြတ်လိုက်တော့သည်။

ဤသည်မှာ အလွန်တရာ ရူးသွပ်သော ဆုံးဖြတ်ချက်တစ်ခု ဖြစ်ပေသည်။ ရွှေအမြုတေအဆင့်သို့ မရောက်ရှိသေးဘဲ မိုးကြိုးကန်ကို ဖွင့်လှစ်ရန် ရဲတင်းခြင်းမှာ အခြား ကျင့်ကြံသူများအတွက်မူ မိမိသေတွင်း မိမိတူးနေခြင်းနှင့် အတူတူပင် ဖြစ်ချေသည်။

သို့သော် လင်းရန်က မကြောက်ရွံ့ပါချေ။ သူ၌ထူးကဲသော ခန္ဓာကိုယ် ရှိနေမှန်း သိထားသလို လူသားဧကရာဇ်စုတ်တံနှင့် မြေကမ္ဘာအင်ပါယာစာအုပ်ကလည်း သူ့ကို ကူညီပေးမည်ဖြစ်ရာ သူတစ်ခါလောက် စမ်းကြည့်ချင်နေခဲ့ပေသည်။

ယခုအချိန်တွင် လင်းရန်အနေဖြင့် သူ့မျက်ခုံး

ကြားတွင် မိုးကြိုးကန်ကို ဖွင့်လှစ်ရန် သော့ချပေါက် မရှိခဲ့သော်လည်း သုဒ္ဒန်တျန်ထဲ တွင်တော့ မိုးကြိုးကန်အဖြစ် ဖွင့်လှစ်နိုင်စွမ်း ရှိပေသည်။

မည်သို့မျှ တွေဝေမနေဘဲ လင်းရန်က ဟိန်းဟောက်သံကြီးတစ်ခုနှင့်အတူ သူ့လက်ရှိ ကန့်သတ်ချက်ဖြစ်သော နတ်ဘုရားအဆီအနှစ် အစက်ပေါင်း သုံးထောင့်ခြောက်ရာကို ထုတ်လွှတ်လိုက်တော့သည်။

နတ်ဘုရားအဆီအနှစ် အစက်ပေါင်း သုံးထောင့်ခြောက်ရာသည် မျက်စိတစ်မှိတ်အတွင်း မှာပင် ကြီးမားလှသော ကြောက်မက်ဖွယ် မှော်စွမ်းအင်များအဖြစ် ပြောင်းလဲသွား၏။ ဤမှော်စွမ်းအင်များ၏ အကူအညီဖြင့် လင်းရန်က သုဒ္ဒန်တျန်ထဲတွင် သီးသန့် နေရာတစ်ခုကို တိုက်ရိုက် ဖွင့်လှစ်လိုက်ပေသည်။

ဤ၌နေရာလွတ်ကို ယင်နှင့် ယန်စွမ်းအင်များ မဖောက်ထွင်းနိုင်သလို အမျိုးမျိုးသော ဝိညာဉ်စွမ်းအင်များလည်း ဝင်ရောက်နိုင်ခြင်း မရှိချေ။ ရွှေရောင်အလင်းတန်းများ တောက်ပနေသော ဆန်းကြယ်သည့် ဒန်တျန်ထဲတွင် အပေါက်နက်ကြီးတစ်ခု ပေါ်လာသကဲ့သို့ ဖြစ်နေပေသည်။

ရိုးရိုးသားသား ဆိုရလျှင် ဤမိုးကြိုးကန်မှာ အလွန်တရာ ကြမ်းတမ်းလွန်းလှပေသည်။ သို့သော် လင်းရန်က ယင်းကို မိုးကြိုးများ သိုလှောင်ရန်အတွက်သာ အသုံးပြုမည်ဖြစ်၍ အတော်လေး လုံလောက်နေပြီ ဖြစ်ချေသည်။

"စုပ်ယူစမ်း..."

မိုးကြိုးကန်ကို ဖွင့်လှစ်ပြီးနောက် လင်းရန်အလွန် ဝမ်းသာသွား၏။ သူက အရာအားလုံးကို လွှတ်ချထားလိုက်ပြီး သူ့ခန္ဓာကိုယ်ပတ်လည်ရှိ ပင်လယ်ရေထဲမှ ကပ်ဘေးမိုးကြိုးမြွေများကို

အစွမ်းကုန် စုပ်ယူလိုက်တော့သည်။

"ဒီလောက်အဆင့်လေးနဲ့ တားမြစ်ချက်ကို ဖောက်ထွက်ရဲတယ်ပေါ့... မင်းက တော်တော် သတ္တိကောင်းတဲ့ ကောင်စုတ်လေးပဲ......"

လူသားဧကရာဇ်စုတ်တံ၏ ဝိညာဉ်က နောက်ဆုံးတွင် ဖြည်းညှင်းစွာ စကားဆိုလာ၏။ ယင်းက ချီးကျူးပြီးနောက် ဆက်ပြောလေသည်။ "မင်းရဲ့ အစွမ်းကုန်သာ သုံးလိုက်စမ်းပါ... စိတ်မပူနဲ့... ဟိုအဘိုးကြီးက မင်းရဲ့ ဒဏ်တျှန်ကို ကာကွယ်ပေးလိမ့်မယ်..."

"ကျေးဇူးတင်ပါတယ်... စီနီယာ..."

လင်းရန် စိတ်ထဲမှ ရယ်မောလိုက်၏။ အကယ်၍ မြေကမ္ဘာအင်ပါယာစာအုပ်ကသာ သူ့ဒဏ်တျှန်ကို ကာကွယ်မပေးထားလျှင် သူ ဘယ်တော့မှ ဤကဲ့သို့ စွန့်စားရဲမည် မဟုတ်ပါချေ။

အခန်း ၁၅၆၁ ပြီး

***